# Highlights from DVB Debate's Electricity Show

1/3/2015

"How to cut down power cuts?"

"လျှပ်စစ်မီးအလုံအလောက်ရလား မရဘူးလားဆိုတော့ မြန်မာနိုင်ငံရဲ့ လူဦးရေ ၄ ပုံ ၃ ပုံလောက်ဟာ မီးမရသေးဘူး။ လူတိုင်းမီးမရဘူး.ကိုယ့်မြို့နယ် ကိုယ့်ပြည်နယ်ထဲက လျှပ်စစ်ဓာတ်အားလိုင်းဖြတ်သွားပြီး မီးမရတာတောင် ရှိနေတာပဲ။"

ဒေါက်တာ ကျော်ညွှန့်လွင် - ဒဂုံဆိပ်ကမ်းစက်မှုဇုန်ဉက္ကဋ္ဌ

---

"ရွာတရွာမှာ လျှပ်စစ်ဓာတ်အား ရပြီးနဲ့ မရခင်မှာ သူတို့လူမှုဘဝတွေ ဘယ်လောက်ဖွံ့ဖြိုးတိုးတက်လာမလဲ.. ဥပမာ ကလေးတွေ ဖယောင်းတိုင်ခွက်နဲ့စာကျက်ရမယ့် အနေအထားနဲ့ လျှပ်စစ်မီးပွင့်လေးနဲ့စာကျက်ရမယ့်အနေအထား ဘယ်လောက်ကွာသွားမလဲ။ သူတို့ဗဟုသုတရနိုင်မယ့် မီဒီယာ ကြည့်ရှုနိုင်ဖို့ ဘယ်လိုလုပ်ပေးကြမလဲ။ ရန်ကုန်နဲ့ ၂၉ မိုင်ပဲဝေးတဲ့ တွံတေး..တွံတေးကရွာဘယ်နရွာ လျှပ်စစ်ရပါပြီလဲ။ ဒါတွေက ဖြေရှင်းပေးရမယ့် အပိုင်းတွေပေါ့"

ဒေါက်တာ ဂင်းမြင့် - ဒါရိုက်တာ (စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသနအင်စတီကျူ့)

---

"ဓာတ်အားတွေလုံလောက်အောင် ဖြန့်နိုင်ပြီဆိုပါတော့..ဓာတ်အားပို့လွှတ်တဲ့အပိုင်း မပြင်ရင် ဘာမှလုပ်လို့မရဘူး။ ဟိုတန်းကလုပ်တဲ့ လောပိတရေအားလျှပ်စစ်လိုင်း..တနိုင်ငံလုံးကိုပို့နိုင်တဲ့ အခြေခံဓာတ်ကြိုးလိုင်းတွေသူ့ဟာနဲ့သူရှိတယ်။ အခု ရဲရွာနဲ့ တာပိန်တို့က လျှပ်စစ်ဓာတ်ထုတ်နိုင်သည့်တိုင်အောင် အဲလိုင်းတွေက ပေးလို့မရဘူး၊ နည်းပညာပိုင်းအရကြည့်ရင် အကုန်ပြတ်ကျကုန်မှာ။ ဓာတ်ကြိုးလိုင်းတွေနဲ့ခွဲရုံတွေ ပြင်ရမယ်၊ မီးအားမြှင့်စက်တွေကရော နိုင်ရဲ့လား။ နောက် ရပ်ကွက်ထဲက ဓာတ်ကြိုးတွေကရော၊ လျှပ်စစ်ဓာတ်အား အပြည့်ပေးရင် အကုန်ပြတ်ကျကုန်မှာ။"

ဦးဇော်ရမ်း - လျှပ်စစ်အင်ဂျင်နီယာ

---

"မြန်မာပြည်က စက်မှုဇုန်တွေ လုပ်နေတာ နှစ် ၂၀ ကျော်ပြီ ဘာလို့မဖွံ့ဖြိုးသေးလဲ။ စက်မှုဇုန်တွေတော့ အရင်လုပ်ပြီး လျှပ်စစ်ဓာတ်အားကို နောက်မှလုပ်လို့ပါ။ အခုထိလဲ မလုံလောက်ပါဘူး။ လွန်ခဲ့တဲ့ ၁ နှစ်ကျော်လောက်က စက်မှုဇုန်တွေမှာ ၁လခွဲနီးပါး မီးပြတ်တယ်၊ မီတာဘေလ်ကတော့ လာပါတယ်။"